
ဝန်ရင်း
Read on the move
ပုညခင်
ဆံချည်တမျှင် မဝေးချင်

မနက် ၅ နာရီထိုးတာနှင့် 'မေမြရာ'၏ ကော့မျက်တောင်တို့ ညင်သာစွာ ပွင့်ဟလာကြလေ သည်။ နာရီနှိုးစက်ပေးထားသော်လည် မေမြရာက မိနစ်ပိုင်းလောက်စောပြီး နိုးလေ့ရှိပါသည်။ မနက်တိုင်း ငါးနာရီထိ ထဖြစ်တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီမို့ မေမြရာအဖို့ မနက်စောစော ထရ တာဟာ ဘာမှ အပမ်းမကြီးသော လုပ်ရိုးလုပ်စဉ်တစ်ခုပင် . . .။

အိပ်ရာနိုးစပင် ဖြစ်သော်လည်း မေမြရာ၏ မျက်နက်ဝန်းတို့က မှုန်ရီဝေခြောက်သွေ့မနေဘဲ ချက်ချင်ပင် တောက်ပအသက်ဝင်လာကြ၏ ။ အိပ်ရာထက်မှာ အီလေးဆွဲ ပျင်းကြောဆန့်ခြင်းမရှိ၊ သမ်းဝေခြင်းမရှိ၊ မျက်လုံးလေး မမှေးတမှေးနှင့် ဇိမ်ယူနှပ်နေခြင်းမရှိဘဲ ခန္ဓာကိုယ်ပေါ်မှ စောင်ကို ဖတ်ခနဲ ဆွဲခွာကာ ခြေထောက်အစုံကို ခုတင်ဘေးသို့ လွှဲချလိုက်ပြီး အခန်းတွင်းစီး ဖဲသားဖိနပ် ကွင်းစွပ်လေးကိုစွပ်လိုက်ပါသည်။

အိပ်ရာမှ လန်းဆန်းစွာ နိုးထလာပြီဖြစ်သော မေမြရာသည် ပထမဦးဆုံး ခုတင်ဘေး စားပွဲ ပေါ်က ကိုယ့်လောက်ဂီရိယမကောင်းသော နာရီနှိုးစက်ကို လှမ်းပိတ်ပြီး မေမြရာ အိပ်ရာနိုးပြီဖြစ် ကြောင်း သိစေဖို့ အခန်းအပြင်နှင့် ဆက်သွယ်ထားသော ဘဲလ်ကို လှမ်းနှိပ်လိုက်သည်။

ဤအချိန်မှစ၍ မေမြရာ၏ တစ်နေ့တာလုပ်ငန်းဆောင်တာတို့ စတင်ပြီဖြစ်၍ လုပ်စရာရှိ သည့်အလုပ်များကို ခပ်သွက်သွက်လေး စတင်လုပ်ဆောင်ရမည်ဖြစ်ပေသည်။

မေမြရာသည် ပခုံးသာသာထိရှည်သော ဖြောင့်စင်းထူထဲသည့် ဆံပင်ကို ဘဲနှုတ်သီးကလစ် ကြီးဖြင့် ပင့်တင်ပြီး ရေချိုးခန်းထဲသို့ ဝင်လာကာ မျက်နှာသစ်၊ သွားတိုက်လိုက်၏။ ထို့နောက် ကုပ် ပိုးကို ရေစိုလက်ဖြင့် တစ်ချက် နှစ်ချက် ပုတ်လိုက်ပြီးမှ မျက်နှာသုတ်ပဝါ အဖြူလေးကို လှမ်းဆွဲယူ ကာ မျက်နှာသုတ်ရင်း အပြင်ပြန်ထွက် လာခဲ့သည်။

ထိုအနချိန်မှာပင် . . .

တိတ်ဆိတ် အေးမြသည့် အရုဏ်ဦး မနက်ခင်းလေးမှာပဲ မေမြရာ၏ အခန်းတွင်းမှ မကြူ၏ အသံစာစာကို စတင် နားသောတ ဆင်လိုက်ရပါသည်။

''မမြရာရေ . . . ဒီမှာ မမြရာဖို့ ကော်ဖီပူပူလေးနဲ့ ပေါင်မုန့်မီးကင်လေး အသင့်ပဲ၊ ဟား... မမြရာက အစောကြီး ထတတ်တော့ မကြူလည်း အစောကြီးထပြီး စီစဉ်ပေးရတာ အိပ်ရေး တောင်မဘဝဘူး သိလား၊ ဟိဟိ ... မမြရာသွားမှ တမှေးပြန်မှေးရမယ်။ ညတုန်းက ကိုရီးယား ဇာတ်လမ်းတွဲတွေ ထိုင်ကြည့်ရင်း ညဉ့်နက်သွားမှန်းတောင် မသိလိုက်ပါဘူး''

မေမြရာသည် အလိုက်မသိ ပြောချင်ရာ စွတ်ပြောရင်း တဟားဟား သမ်းဝေနေသော မကြူကို စိတ်ပျက်စွာ လှမ်းကြည့်မိသည်။ အိချို မလာဘဲ ဘာလို့ မကြူက လာရတာ လဲ။ မကြူက စကားများလွန်းတာမို့ မြရာက သဘောမကျပါ။ မနက်စောစောစီးစီး ဒီအသံကို ကြားရတာ အာရုံ နှောက်လိုက်တာ။

''အဲဒါနဲ့ နာရီကြည့်မိတော့ သုံးနာရီထိုးနေရော. . .၊ သုံးနာရီမှ အိပ်ပြီး လေးနာရီ ပြန်ထရ တော့ အိပ်ရေးပျက်ပြီး ခေါင်းတွေတောင် မူးနောက်နေတာပဲ၊ အိပ်ရေးပျက် ခံရကျိုးတော့ နပ်ပါတယ်၊ ကိုရီးယားကားကလည်း ကောင်းမှကောင်း၊ ကြည့်ရင်း ကြည့်ရင်းနဲ့ အရမ်းကို အသည်း ယားလာလို့ ရှင်းအဲရီကို သွားတောင်သတ်ပစ်ချင်တယ်၊ ဆူးလွှမ်းသော ချစ်နှင်းဆီလေ.....မမြရာ ကြည့်ဖူးလား၊ ဟား . . . အဲဒီ ဇာတ်လမ်းက . . .''

''မကြူ . . .''

မေမြရာရဲ့ အေးစက်စက်ခေါ်သံကြောင့် မကြူက ပါးစပ်ပိတ်သွားကာ မေမြရာကို လှမ်းကြည့်ပါသည်။

''ရှင် . . . မမ၊ ဘာလိုလဲ မမ၊ မကြူ ဘာလုပ်ပေးရမလဲ မမ . . .''

ဩော် . . . ဘာလုပ်ပေးရမလဲ မေးတာတောင် စကားက တစ်ခွန်းနဲ့မပြီး။ စကားများလိုက် တဲ့ မိန်းမတွေနှယ် . . .။

''မကြူ . . . သွားတော့၊ အိချိုကို လွှတ်လိုက်ပါ''

''အိချိုက သူ့ရွာခဏပြန်သွားတယ် မမ၊ သူ့အမေ အသည်းအသန် ဖြစ်လို့တဲ့၊ အဲဒါလည်း ဟုတ်ချင်မှဟုတ်မှာပါ မမရယ်၊ သူက ရွာမှာ ရည်းစားရှိတယ် မမရဲ့၊ အဲဒီ ရည်းစားကလေ...''

''မကြူ. . . .''

''ရှင် . . . မမ''

''မနက်စောစော ငါ ကော်ဖီ မသောက်ဘူးဆိုတာ မသိဘူးလား''

''ဩော် . . . ဟုတ်သားပဲ၊ မေ့လို့ . . . မေ့လို့၊ မမက အိပ်ရာ နိုးနိုးချင်း သစ်သီးဖျော်ရည် သောက်ပြီး လမ်းထွက်လျှောက်တယ်၊ ပြန်လာတော့မှ ရေမိုးချိုးပြီး ကော်ဖီသောက်၊ မုန့်စားတယ် ဆိုတာ အိချိုတော့ မှာခဲ့သား ကျွန်မ မေ့သွားတယ်''

''တို့ကို စကားလာပြောမယ့်အစား တို့အခန်းထဲ ဝင်ဝင်ချင်း အခန်းပတ်ပတ်လည်က လိုက်ကာတွေကို ဘေးဆွဲကပ်ပေးရမယ်ဆိုတာရော မမှာခဲ့ဘူးလား''

''မှာခဲ့တယ်၊ မှာခဲ့တယ်၊ မမက လမ်းလျှောက်က ပြန်လာရင် ရောင်နီပျို့နေတဲ့ ကောင်းကင် ကို ကြည့်ရင်း ကော်ဖီသောက်တတ်တယ်တဲ့၊ ပတ်ဝန်းကျင်ကို ကောင်းကောင်းမြင်ရအောင် လိုက် ကာတွေကို

ဘေးဆွဲဖယ်ပေးထားရမယ်တဲ့''

မကြူက အခန်းပတ်ပတ်လည် မှန်ပြတင်းတွေမှာ တပ်ဆင်ထားသည့် လိုက်ကာတွေကို ခပ်သွက်သွက်သွားဆွဲဖယ်လိုက်ပြီး . . .

''မမ . . . မမအတွက် အားကစားဝတ်စုံ ထုတ်ပေးဖို့တော့ မကြူ မမေ့ဘူးနော်၊ မမ ခုတင် ပေါ်မှာ အဆင်သင့်ပဲ၊ ကြက်သွေးရောင်လေး ထုတ်ပေးထားတယ်၊ ကြက်သွေးရောင် ရင့်စိုစိုလေးက မမ အသားဝင်းဝင်းလေးနဲ့ သိပ်လိုက်တာပဲ''

မမြရာက ခုတင်ပေါ်တင်ထားသည့် ဝတ်စုံလေးကို လှမ်းဆွဲယူလိုက်ပြီး အခန်းထောင့် လိုက်ကာအကွယ်လေးမှာ ရပ်ကာ အဝတ်လဲလိုက်သည်။

''မကြူ . . . ဖိနပ်''

''ဒီမှာ အသင့်ပဲ မမ . . .''

မြရာက မကြူ အသင့်ထုတ်ထားပေးသည့် အားကစား ဖိနပ်လေးကို လှမ်းယူလိုက်သည်။ ခုံပုလေးမှာ ထိုင်၍ မြရာ ဖိနပ်စီးနေဆဲမှာ မကြူက စကားစလာပြန်သည်။

''မမမြရာမှာလည်း သူဌေးဖြစ်ပြီး စည်းစိမ်မရှိလိုက်တာနော်''

မကြူက မြရာ ခုတင်ပေါ်က စောင်ကို ဆွဲယူခေါက်ပေးနေရင်း . . .

''ဒီလို အိစက်တဲ့ အိပ်ရာကြီးပေါ်မှာသာ မကြူတို့ အိပ်ခွင့်ရရင်လေ နေဖင်ထိုးအောင်ကို အိပ်ပစ်လိုက်မှာပ၊ မမမှာတော့ မိုးမလင်းခင် ထပြီး အမောဆိုမတတ် ပြေးရလွှားရနဲ့ မသက်သာ လိုက်တာ၊ ပြီးတော့ တစ်နေကုန်လည်းရုံးသွားရ၊ အလုပ်လုပ်ရဦးမှာ၊ မမဘဂက မကြူလောက် တောင် စည်းစိမ်မရှိပါလားနော်၊ မကြူဆို မမလိုလည်း မနက်အစောကြီး ထပြီး ပြေးစရာမလိုဘူး၊ အိမ်မှု ကိစ္စလေးတွေ လှုပ်စိလှုပ်စိ လုပ်နေရုံပဲ၊ နေ့ခင်းအလုပ်ပြီး

ပြန်အိပ်ရုံပဲ၊ မမဘာလို့ မနက် အစောကြီးထထပြီး ကိုယ့်ကိုယ်ကို ပင်ပန်းအောင် လုပ်နေတယ်ဆိုတာ မကြူဖြင့် စဉ်းစားလို့ကို မရပါ ဘူး''

''မကြူ . . .''

''ရှင်. . .မမ''

''မီးဖိုချောင်ထဲမှာ ကပ်ထားတဲ့ စာရွက်ကို သေသေချာချာ ပြန်ဖတ်လိုက်ဦး . . .၊ စာရွက် စုတ်နေရင်လည်း ကွန်ပျူတာ ပြန်ရိုက်ခိုင်းပြီး ပြန်ကပ်ထားလိုက်၊ ပြီးရင် တစ်နေ့ဆယ်ခါ ပါးစပ်က ရွတ်ပြီး ဖတ် ကြားလား''

''ဟုတ် . . . ဟုတ်ကဲ့ . . .''

မေမြရာ အေးစက်စက်ပြောပြီး ဖိနပ်စီးပြီးပြီမို့ မတ်တက်ထရပ်လိုက်သည်။ ထို့နောက် ချိတ်မှာ ချိတ်ထားသည့် လျှာထိုးဦးထုပ် အဖြူရောင်လေးကို ဆွဲဆောင်ပြီး မြရာ အခန်းမှ ခြံထဲသို့ တိုက်ရိုက် အဝင်အထွက်ပြုလုပ်နိုင်သည့် ဘေးတံခါးမကြီးကို တွန်းဖွင့်လိုက်တော့ အေးစိမ့်စိမ့် နံနက်ခင်းလေက မြရာကို ဆီးကြိုနှုတ်ဆက်လိုက်သည်။

မြရာက တံခါးဝမှာ ရပ်လျက် သွေးပူလေ့ကျင့်ခန်း သဘောမျိုး ဆယ်ချက်လောက် ခုန်ဆွ ခုန်ဆွ လုပ်လိုက်ပြီးမှ ပြေးထွက်လာခဲ့ပါသည်။

မကြူကတော့ မှောင်ရိပ်ထဲသို့ တိုးဝင်သွားသော မေမြရာကို လှမ်းမျှော်ကြည့်ရင်း ပခုံးတစ်ချက်တွန့်ကာ အခန်းတံခါးကို ဆွဲပိတ်လိုက်ပါသည်။

မကြူအထင်တော့ မမမေမြရာဟာ ကိုယ့်ဒုက္ခကိုယ်ရှာလွန်းသူဟု ထင်ပါသည်။ ပိုက်ဆံ ချမ်းသာပြီး ဇိမ်ကျကျ မနေရရှာသူဟု မြင်သည်။ မမမြရာရဲ့ဘဝကို မကြူတို့က အားမကျပေါင်ဟု ပြောလျှင် ရယ်စရာများ ကောင်းလေမလား . . .။

မမမြရာရဲ့ ဘဝကြီးက ပင်ပန်းလွန်းလှပါသည်။ မနက် မနက် လူတကာ

အိပ်ပျော်နေတဲ့ အချိန်မှာ ချွေးတရွှဲရွှဲထွက်အောင် ထပြေးလိုပြေး။ ပြန်လာတော့လည်း အလေးတွေနဲ့လား ဘာတွေနဲ့လားမသိ မြှောက်လိုက်ချလိုက် လွှဲလိုက်ကစားသေးသည်။ မမမြရာက ပြေးတာ ကိုတော့ တစ်မနက်မှ မပျက်မကွက်။ မိုးတွင်းဆိုရင်တောင် အိမ်ထဲမှာ လမ်းလျှောက်စက်နှင့် ပြေးတတ်သည်း စက်ပေမှာ ပြေးတဲ့အခါ ရှေ့မှာ စာတစ်အုပ်ထောင်ပြီး ဖတ်နေ တတ်သည်း။ ပြေးပြီးရင်တော့ ခဏလေးပဲ နားကာ သူ့ကုမ္ပဏီကို ထွက်သွားတတ်သည်။ မမမြရာကို ကြည့်လိုက် ရင် အမြဲတမ်း သွက်လက်ဖျတ်လတ်နေသည်း လမ်းလျှောက်လည်း ခပ်မြန်မြန်ပင်။ မျက်နှာထား ကလည်း ခပ်တည်တည်ပင်။ မမမြရာ အပိုစကားပြောတာမျိုးလည်း မကြူက မတွေ့ဖူးပါ။ လိုအပ် သည့် စကားလောက်ပဲပြောကာ သူလုပ်စရာရှိတဲ့ အလုပ်ပြီးလျှင် အေးအေးဆေးဆေး စာဖတ်၊ တီဗီကြည့်၊ ကွန်ပျူတာရှေ့မှာ ထိုင်ချင်ထိုင်။ မမမေမြရာ သီချင်းညည်းတာကိုတောင် မကြူ တစ်ခါမှ မကြားဖူးခဲ့၊ ဟက်ဟက်ပက်ပက် ရယ်မောနေတာကိုလည်း မမြင်ဖူးခဲ့။ မကြူတို့လို မိန်းမ သားသဘာဝ အတင်းပြောတာ၊ ကိုယ် စိတ်ဝင်စားတဲ့ ယောကျ်ားတစ်ယောက်အကြောင်း နှိုက်နှိုက် ချွတ်ချွတ်ပြောပြီး ဟီးဟီးဟားဟား ရယ်မောကြတာမျိုးလည်း မရှိရှာလေတဲ့ မမမြရာရဲ့ ဘဝကြီး ဟာ ပျင်းရိငြီးငွေ့စရာ ကောင်းလွန်းလှပါသည်။

မကြူက မမမေမြရာ အကြောင်းတွေးရင်းနဲ့ တောင် ပျင်းလာရတာ မို့ ပါးစပ်ကို တဆုံး ဟကာ အားပါးတရ သမ်းလိုက်ရင်း မီးဖိုချောင်ဘက်သို့ ထွက်လာခဲ့ပါသည်။ ထို့နောက် အိပ်ချင် စိတ်ကြောင့် မှေးရီလာသော မျက်လုံးများဖြင့် နံရံမှာ ကပ်ထားသည့် စာရွက်ပေါ်က စာလုံးတွေကို လှမ်းကြည့်လိုက်မိသည်။

စကားများများမပြောရ။

အလုပ်များများလုပ်ပါ။

အတင်းမပြောရ။

စကားမရှုပ်ရ။

မစပ်စုရ။

အထက်ပါ စည်းကမ်းများကို မလိုက်နာနိုင်ပါက ဤအိမ်တွင် အလုပ်လုပ်ခွင့် မရှိ။

မကြူက ထိုစာလုံးတွေကို ကြည့်ရင်း ပခုံးတွန့်လိုက်မိသည်။ လူဆိုတာ စကားတော့ ပြောချင်မှာပေါ့။ အအမှ မဟုတ်ရင် ဘယ်သူက နှုတ်ပိတ် တိတ်ဆိတ်နေနိုင်မှာလဲ။ သူများ အကြောင်း အတင်းမပြောရဘူးဆိုရင် ကိုယ့်အကြောင်းချည်း ထိုင်ပြောနေရမှာလား။ စကားများလို့ အလုပ်ထုတ်ခံရမယ်ဆိုလည်း ကျေကျေနပ်နပ် အထုတ်ခံလိုက်တော့မယ်လေ . . .။

မကြူက ဘုကျကျတွေးပြီး မီးဖိုချောင်ထောင့်က အခန်းလေးထဲဝင်ကာ ငွေးအိပ်လိုက်ပါ သည်။

မကြူ ဇိမ်ယူနေချိန်မှာ မေမြရာကတော့ အိမ်နဲ့ သိပ်မဝေးလှတဲ့ အင်းယားကန်ပေါင်ဘက် သို့ ခပ်သွက်သွက်လေးပြေးနေခဲ့ပါသည်။ အဲဒီ လို ပြေးနေရတာ ကိုလည်း မြရာက ပင်ပန်းသည်ဟု မထင်ခဲ့ပါ။

လူဆိုတာ အချိန်ကို အလဟဿ မဖြုန်းသင့်၊ အချိန်တစ်ခုမှာ အကျိုးရှိမည့် အလုပ်တစ်ခုခု ကို လုပ်နေသင့်သည်ဟု ယူဆသည်။ ထို့ကြောင့်ပင် မြရာက စီးပွားရေးအတွက် အကျိုးရှိမည့် အလုပ်ကို မလုပ်ခင် မနက်စောစောပိုင်းတွေမှာ မြရာရဲ့ ကျန်းမာရေးအတွက် ပြေးလေ့ရှိမြဲပင် . . .။ မြရာရဲ့ တစ်နေ့တာ အချိန်ဇယားထဲမှာ မနက် ၅ နာရီ အိပ်ရာထပြီး ပြေးခြင်းက အစပြု၍ ညအိပ် ချိန် ၁၁ နာရီအထိ လုပ်စရာအလုပ်တွေနှင့် ပြည့်နှက်နေတတ်သည်။

အားအားယားယား စကားတများများ နေနေတတ်သည့် လူတွေကို မြရာက လုံးဝ သဘော မကျ။ အထူးသဖြင့် မိန်းမတွေဟာ စကားအပိုများလွန်းပြီး အပိုအလုပ်တွေ ရှုပ်တတ်လွန်းသည်ဟု ထင်သည်။ မေမြရာဟာ မိန်းမသားပင် ဖြစ်သော်လည်း မိန်းမသားမဆန်ဘဲ ယောက်ျား တစ်ယောက်လို တိတိကျကျ ပြတ်ပြတ်သားသား အလုပ်လုပ်တတ်သူမို့ ဘလေဘဇာအလုပ်ပိုတွေ နှင့် ဂဏိဂဏောင် စကားများတတ်သော မိန်းမတွေရဲ့ အကျင့်စရိုက်ကို လုံးဝ မနှစ်သက်ပါ။

ဖြစ်နိုင်လျှင် မြရာရဲ့ အိမ်မှာရောကုမ္ပဏီမှာပါ အပိုစကားမဆိုမည့် ယောက်ျားသားတွေကို သာ အလုပ်ခန့်ထားချင်မိပါသည်။

မေမြရာက နံနက်ခင်း လေကို ရှိုက်၍ ရှုရင် ကန်ပေါင်ပေါ်တတ်သည့် လေ့ကားထစ်လေး တွေကို ဆတ်တောက်ဆတ်တောက် နင်းကာ တက်လာသည်။ ထို့နောက် ကန်ပေါင်စဆုံး တစ်ခေါက် ပြေးလိုက်ပြီး ကန်ရေပြင်ကို မျက်နှာမူကာ အသက်ရှူလေ့ကျင့်ခန်းလုပ်သည်။ ပြီးတာ နှင့် လှေကားထစ်လေးတွေကို ခုန်ဆွနင်းကာ ကန်ပေါင်ပေါ်မှ သွက်သွက်လေး ပြေးဆင်းလာခဲ့ပါ သည်။

အရုဏ်ဦးက တဖြည်းဖြည်း အလင်းရောင်သမ်းလာနေသည်။ မြရာက လမ်းသွယ်လေး အတိုင်း ပြေးလာနေဆဲ မှာ

''အစ်မ . . . အစ်မ . . .''

နောက်ဘက်မှ ခေါ်သံကြောင့် မြရာ လှည့်ကြည့်မိတော့ အိမ်က မကြူဆီ အဝင်အထွက် လုပ်နေသော ကောင်မလေးကိုတွေ့ရသည်။ ထိုကောင်မလေးဟာလည်း ဒီလမ်းထဲက အိမ်တစ် အိမ်မှာ အလုပ်လုပ်ရသည့် အိမ်ဖော်ကလေးပင်။ အေးရီဆိုလား ဘာလား နာမည်တော့ ကြားဖူး သည်။

''အစ်မ . . . အစ်မ . . . အစ်မကို ပြောစရာလေးရှိလို့ ခဏလေး ရပ်ပါလား အစ်မ. . .''

ကောင်မလေးက ဈေးခြင်းတောင်းကို တံတောင်ဆစ်ကွေးမှာ

ချိတ်ထားရင်း မြရာကို လှမ်းပြောနေသည်။ မြရာအဖို့မှာ ဒီလို ကောင်မလေးမျိုးနှင့် အပေါင်းအသင်းလုပ်ပြီး စကားလက်ဆုံ ပြောစရာအကြောင်းလည်းမရှိ၊ အချိန်ကုန်လည်း မခံနိုင်တာမို့. . .

''တို့အချိန်မရဘူး''

ဟု အပြေးမပျက် လှမ်းပြောလိုက်သည်။ ကောင်မလေးကလည်း ဖွဲမလျှော့ဘဲ . . .

''ခဏလေးပါ အစ်မ. . .၊ ကျွန်မ ပြောစရာလေး ရှိလို့ပါ''

''သိပ်ပြောချင်ရင်လည်း တို့နောက်ကို အမီလိုက်ပြီးပြောပေတော့ . . .''

မေမြရာက ကောင်မလေး လိုက်မလာဘူးအထင်နှင့် ပြောလိုက်သော်လည်း ကောင်မလေးက မြရာနှင့် ယှဉ်ကာ အပြေးလိုက်လာရင်း . . .

''အစ်မတို့အိမ်က မကြူဟာ သိပ်စိတ်ပုပ်တာပဲ အစ်မ၊ ပြီးတော့ မဟုတ်တာတွေလည်း လီဆယ်ပြောတတ်တယ်။ နှုတ်လည်းမလုံဘူး၊ ကျွန်မတို့အိမ်က အိမ်ရှင်အစ်မကြီး ဖောက်ပြန်တဲ့ အကြောင်းကို ကျွန်မက သူ့ယုံပြီး ပြောမိတာ၊ သူကလည်း ဘယ်သူမှ ပြန်မပြောပါဘူးလို့ ကတိပေး ထားလို့ပါ။ သူက သူ့လျှောက်ပြောမိရင် ဘုရားစူး၊ မြွေပွေးကိုက်၊ မိုးကြိုးပစ်၊ ကားတိုက်လို့တောင် ကျိန်တော့ ကျွန်မကလည်း ယုံမိတာပေါ့၊ အမလေး . . . မောလိုက်တာ . . .''

ကောင်မလေး ခန္ဓာကိုယ်က ဂဝပုပုလုံးလုံးမို့ သူ့ခန္ဓာကိုယ်ကို သူ မနိုင်ရင်ကာ သယ်ကာည ပြေးလိုက်ပြောနေရသဖြင့် အမောဆို့သံ ပါပါလာသည်။ သို့သော်. . . ကောင်မလေးက ရပ်မကျန် ရစ်။ မေမြရာကလည်း ရပ်ပြီး နားမထောင်။ ကောင်မလေးက ဈေးခြင်းတောင်း တစ်ဖက်ဖြင့် ကသီး ကရွဲ ပြေးလိုက်ပြောနေတာမို့ လမ်းသွား လမ်းလာ တချို့က အထူးအဆန်းသဖွယ် လှမ်းကြည့်သွား ကြသည်။

''အဲ့ဒါကို သူက ကတိမတည်ဘဲ လျှောက်ပြောတော့ အိမ်က အစ်မရဲ့ ယောကျ်ားက ပြန်ကြားပြီး လင်မယားချင်း ပြဿနာတွေလည်း တက်၊ ကျွန်မဆီက စကားပေါက်တာပဲဆိုပြီး အစ်မကလည်း ကျွန်မကို ရိုက်လိုက်တာ ကံကောင်းလို့ မသေတယ်။ တစ်ကိုယ်လုံး အရှုံးရာတွေ ထပ်နေတာပဲ အစ်မရယ်၊ ပြီးတော့ ကျွန်မ အခု အလုပ်ပြုတ်တောမယ်လေ။ မနက်ဖြန်ဆို ကျွန်မ ရွာပြန်ရတော့မယ်၊ အဲ့ဒါ မကြူကြောင့်။ မကြူလုပ်လို့ဖြစ်တာ၊ မကြူတရားခံ. . .''

ကောင်မလေးက မြရာနှင့် ယှဉ်တွဲကာ တွတ်တွတ် ပြေးလိုက်နေဆဲမို့ မြရာက စိတ်တွေ ရှုတ်လာကာ ဘာမှ ပြန်မပြောတော့ဘဲ အရှိန်မြှင့်၍ ပြေးလိုက်ပါသည်။ ကောင်မလေးက မြရာကို မီအောင်မပြေးနိုင်တော့တာမို့ နောက်မှာကျန်ရစ်ခဲ့သည်။

မြရာသည် ခြံစောင့်ဦးမြကြီး အသင့်ဖွင့်ထားသော တံခါးဂကို ဖြတ်ကျော်ကာ ခြံထဲသို့ ဝင်လာခဲ့ရင်း . . .

''မကြူကို အလုပ်ထုတ်တဲ့အကြောင်းသွားအကြောင်းကြားလိုက်ပါ ဦးမြကြီး''

ဟု ပြောခဲ့လိုက်ပါသည်။ စကားရှုပ်လှသော မကြူကို မြရာအိမ်မှာ လက်ခံမထား လိုတော့ပါ။ မြရာရဲ့ စည်းကမ်းတွေကို ဖောက်ဖျက်သူမှန်သမျှကို မြရာ အရေးယူမှာပင်။

မြရာသည် အိမ်ပြန်ရောက်တာနှင့် အပေါ်ဆုံးထပ်သို့ တန်းတက်သွားကာ မြရာကိုယ်ပိုင် အားကစားခန်းလေးထဲက ပစ္စည်းကိရိယာများဖြင့် အလေးမ၊ ဘယ်ရီရိုက်၊ အကြောလျှော့ပြီး မြရာရဲ့ အိပ်ခန်းဆီသို့ ပြန်ဆင်းလာခဲ့ပါသည်။

ရေချိုးခန်းဝင်ပြီးတော့ မွေးပွတဘက်သား အကျႌကို ခါးစည်းကြိုးဆွဲပတ်၍ ဝတ်လိုက်သည် ဘဲလ်လှမ်းနှိပ်လိုက်ပြီး မကြာခင်မှာ ဦးမြကြီး

မိန်းမ ဒေါ်နွဲ့က ဝင်လာကာ ကော်ဖီဗန်းကို မှန်ပြတင်း တွေနားက ခုံပုလေးပေါ် တင်ပေးလိုက်ပြီး မရဲတရဲ လေသံဖြင့် . . .

"မြရာကို ဒေါ်နွဲ့ တစ်ခုလောက် တောင်းပန်ချင်တာလေး ရှိတယ်ကွယ်"

မြရာက မှန်ပြတင်းကျယ်ကြီးနားက ကြိမ်ခုံကြီးပေါ်မှာ ဝင်ထိုင်လိုက်ပြီး ကော်ဖီခွက်ကို မယူကာ တစ်ငုံသောက်လိုက်ရင်း . . .

"မကြူကို အလုပ်ထုတ်မပစ်ဖို့ တောင်းပန်မှာ မဟုတ်လား"

"ဟုတ် . . . ဟုတ်ပါတယ်ကွယ်"

"မကြူ စည်းကမ်းဖောက်တာ တစ်ကြိမ်မကတော့ဘူး၊ သူ့အကျင့်ကိုလည်း ကျွန်မ မကြိုက်ဘူး၊ ဒါ့ကြောင့် ထုတ်တာပါ၊ ကျွန်မ ဆုံးဖြတ်ချက်ကို မပြင်ပါဘူး။ ဒေါ်နွဲ့သွားနိုင်ပါပြီ . . ."

မေမြရာက ပြတ်ပြတ်သားသား ပြောလိုက်တာမို့ ဒေါ်နွဲ့က ကုပ်ကုပ်ရို့ရို့လေး ပြန်ထွက် သွားသည်။

မေမြရာကတော့ ကော်ဖီကို တစိမ့်စိမ့်သောက်ရင်း အရှေ့ကောင်းကင်ဆီက ရောင်နီတို့ ပျို့အန်လာတာကို ငေးမောကြည့်နေမိသည်။ မကြာခင်မှာ နေခြည်နွေးနွေးက မှန်ပြတင်းကို ဖြတ် ကျော်လျက် မြရာ အခန်းတွင်းသို့ နွေးဖြာကလာပါသည်။

အဲဒီ လို မနက်ခင်းလေးကို ပြရာက နှစ်နှစ်သက်သက် ဖြတ်သန်းမိမြဲပင် . . .။

ထို့နောက် မေမြရာက ရုံးသွားဖို့အတွက် ညကတည်း ဒေါ်နွဲ့ မီးပူတိုက်ပြီး အသင့်ချိတ်ထား ပေးသော ခြေသလုံး အလယ်လောက် အနက်ရောင် စကတ်ကျပ်ကျပ်နှင့် ကုတ်အကျႌပုံစံ အဖြူရောင်အကျႌလေးကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်လိုက်ပြီး ခါးပတ်သေးသေးလေးကို ခါးမှာပတ် လိုက်သည်း

ဆံပင်တွေကိုတော့ မြရာက နဖူးအပြောင်သိမ်းကာ ခပ်မြင့်မြင့်လေးစည်းလိုက်သည်။ မျက်နှာမိတ်ကပ်ကတော့ ခပ်ပါးပါး ပြေပြေလေးပင်။

မြရာသည် အနက်ရောင် လည်သာလက်ကိုင်အိတ်ကြီးကြီးလေးကို ဆွဲယူကာ အခန်းထဲ မှ ထွက်လာသည်။ ပြီးတော့ ရုံးသွားခါနီး ထုံးစံအတိုင်း ဘိုးဘိုးရဲ့ စာကြည့်ခန်းဆီသို့ လျှောက်သွား လိုက်သည်။ ပြီးတော့ အခန်းတံခါးကို ဖွဖွခေါက်ပြီးမှ အခန်းထဲ လှမ်းဝင်လာကာ ဘိုးဘိုးရှေ့မှာ ရပ်လိုက်ရင်း .။ . .

''ဘိုးဘိုး . . . မောနင်းပါ''

''မောနင်း . . . သမီး၊ ရုံးသွားတော့မလို့လား''

''ဟုတ်ကဲ့ . . . ဘိုးဘိုး''

မနက်စောစောဆို စာကြည့်ခန်းထဲဝင်ကာ စာအုပ်ဖတ်နေတတ်သော ဘိုးဘိုးက နှာခေါင်းရိုး ပေါ် လျှောကျနေသော မျက်မှန်လေးကို ပင့်တင်လိုက်ပြီး . . .

''သမီးရဲ့ အတွင်းရေးမှူးအသစ်က အဆင်ပြေရဲ့လား''

''ခုချိန်ထိတော့ ပြေနေပါသေးတယ် ဘိုးဘိုး . . .''

''ဒီတစ်ယောက်နဲ့တော့ ခပ်ကြာကြာလေး အဆင်ပြေအောင် နေပါကွယ်၊ သမီးမှာ နှစ်လ တစ်ကြိမ်လောက် အတွင်းရေးမှူး ပြောင်းပြောင်းနေတာ သိပ်တော့မကောင်းဘူး''

''သူတို့ကို မြရာပြောင်းချင်လို့ပြောင်းတာ မဟုတ်ပါဘူး ဘိုးဘိုး၊ သူတို့က အချိုးမပြေလို့ ပြောင်းနေရတာ ပါ''

''သမီးကိုက အလုပ်ထုတ်သန်ပါသန်ပါတယ်ကွယ်''

''ရှင် . . . ဘိုးဘိုး ဘာကိုပြောတာလဲ''

''ညည်းက အလုပ်ထုတ်တာကို ဝါသနာပါသလားမှ မသိတာ၊ အိမ်မှာ ရုံးမှာ အားအားရှိ အလုပ်ထုတ်ပစ်နေတော့တာပဲ''

''ဘိုးဘိုး ဒီလိုတော့ မပြောပါနဲ့၊ သူတို့ကို အလုပ်ထုတ်တာ မြရာ အလွန်လား သူတို့ အလွန်လားဆိုတာ ဘိုးဘိုးပဲ စဉ်းစားကြည့်''

''လွန်တာတော့ လွန်ပေမယ့် နည်းနည်းပါးပါး သွန်သင်ပြုပြင်ယူရမှာပေ့ါ''

သူတို့ကို ပြုပြင်ဖို့ မြရာမှာ အချိန်မှမရှိတာ''

''ဒါက သမီးသုံးနေကျ ဆင်ခြေပဲလေ၊ အချိန်ဆိုတာ ရှိအောင်လုပ်ရင် ရှိပါတယ်၊ ဒါနဲ့ ဒီမနက် မင်္ဂလာသတင်းတစ်ခုကြားထားတယ်၊ ညည်း မကြူကို အလုပ်ထုတ်လိုက်ပြန်ပြီဆို...၊ ဘာဖြစ်လို့ ထုတ်ရတာ တုန်း . . .''

''စကားရှုပ်လွန်းလို့ပါ၊ ဒီပတ်ဝန်းကျင်က အိမ်တွေရဲ့ရှိရှိသမျှ အိမ်ဖော်တွေနဲ့ သူနဲ့ တစ်ခု မဟုတ်တစ်ခု ပြဿနာပတ်တက်နေတာ၊ မြရာ ချထားတဲ့ စည်းကမ်းထဲက စကားမရှုပ်ရဆိုတဲ့ စည်းကမ်းကို ဖောက်ဖျက်နေတ အကြိမ်ပေါင်း မနည်းတော့ဘူး ဘိုးဘိုး၊ ဒ့ါကြောင့် အလုပ် ထုတ်ရတာ ပါ''

''မိန်းမဆိုတဲ့အမျိုးက စကားများတဲ့ အမျိုးပဲကွယ့်၊ သူများအကြောင်း ပြောချင်ပြော၊ ဒါမှ မဟုတ်ရင်လည်း စိန်အကြောင်း၊ ရွှေကြောင်း၊ အဝတ်အစားအကြောင်း၊ အိတ်အကြောင်း၊ ဖိနပ် အကြောင်းပြော၊ ဘာမှပြောစရာမရှိတဲ့ အဆုံးကျရင် ကိုယ့်အကြောင်းကိုယ်ပြန်ပြောနေရမှ နေပျော် တဲ့အမျိုးအစားတွေပဲလေ. . .၊ စကားများများ ပြောနေရတာ ကိုက သူတို့တွေရဲ့ ဘဂအဓိပ္ပာယ် တစ်ခု မဟုတ်ဘူးလား''

''မြရာလည်း မိန်းမပါပဲ၊ သူတို့လိုတော့ မပြောပါဘူး''

''ဒါကတော့ ဘဂချင်းမှမတူတာကိုး၊ မြေးမှာက ကိုယ့်အလုပ်နဲ့

ကိုယ့်ပညာနဲ့. . . စိတ်ဝင် စားစရာတွေက ရှိပြီးသား၊ သူတို့မှာက ဒါမျိုးမရှိဘူးလေ၊ ဘဝမှာ သင်ယူစရာလည်း များများမရှိ၊ မျှော်လင့်စရာလည်း များများမရှိတော့ ဒီလိုပဲ စိတ်ဝင်စားစရာမရှိ လိုက်စိတ်ဝင်စားပြီး ပျော်အောင်နေကြရတာ ပေ့ါ''

''မြရာကတော့ ဖြစ်နိုင်ရင် အလုပ်လုပ်စရာရှိတာလုပ်ပြီး နှုတ်ပိတ်နေမယ့် ယောကျ်ားမျိုး တွေကိုပဲ အလုပ်ခန့်လိုက်ချင်တော့တာ. . .''

''ယောကျ်ားလေးတွေထဲမှာလည်း အာချောင်တဲ့သူတွေရှိတာပဲ မြေးရဲ့''

''မိန်းမတွေလောက်တော့ မဆိုးဘူးထင်တာပဲ၊ ဒီတစ်ခါ မြရာရဲ့ စက္ကူထရီနဲ့ အဆင် မပြေရင်တော့ အမျိုးသားစက္ကူထရီပဲ ခန့်လိုက်တော့မယ်''

မြရာက ဘိုးဘိုးကိုပြောရင်းက နာရီတစ်ချက်ကြည့်ရင်. . .

''ရုံးချိန်နီးနေပြီ၊ မြရာ သွားတော့မယ် ဘိုးဘိုး . . .''

''အေး . . . အေး . . . သွား . . .သွား၊ စိတ်ကိုလျှော့နော်မြေး''

ဘိုးဘိုး ဦးမေအောင်က မြေးဖြစ်သူ ရုံးသွားခါနီး တိုင်း မပျက်မကွက် မှာနေကျစကားကို မှာလိုက်ရသည်။

မြေးရဲ့ စိတ်ကို ဦးမေအောင် အသိဆုံးမို့ပင် . . .။ မြေးမလေး မေမြရာရဲ့စိတ်ဟာ လွယ်လွယ်ပြောရသော် ထစ်ခနဲဆို ဗျစ်ခနဲဟုဆိုရမှာပင် . . .။ စိတ်စောလိုက်ပုံမှာလည်း သူ့အပြင် နှစ်ယောက်မရှိ။ အလုပ်ကိုတော့ အင်မတန် ကြိုးစားပါရဲ့၊ အောင်လည်း အောင်မြင်ပါရဲ့။ လူမှုရေး မှာတော့ မအောင်မြင်ရှာ . . .။ စည်းကမ်းတင်းကြပ်လွန်းသော မေမြရာကို သူ့ရုံးက လူတွေက လည်း ရွံ့ကြောက် ကြောက်ကြပြီး ကွယ်ရာမှ ထင်တိုင်းကျဲနေတတ်သည်။ ကြောင်မရှိ ကြွက်ထ ဆိုသလိုမျိုး၊ ကြောင်ရှေ့ကျတော့ ပိပြားနေပြီး ကြောင်ကျောခိုင်းတာနှင့် ပျော်မြူးသောင်းကျန်းနေ တတ်ကြတာပင်။

ဦးမေအောင်က အခြေအနေအားလုံးကို သိနားလည်သော်လည်း

မြေးမရဲ့အလုပ်ကို ဝင် မစွက်ဖက်လိုက်ချင်တာမို့ သတိပေး စကားတွေကိုသာ မကြာခဏ ပြောပြောနေရပါသည်။

ဦးမေအောင် သတိပေးစကားပြောပြီးလို့ မိနစ်ပိုင်းတောင် မကြာမြင့်မီ ကာလလေးမှာပဲ အိမ်ရှေ့ ဆင်ဝင်အောက်မှာ ပြဿနာ တစ်စုံတရာ ပေါ်ပေါက်လာပါသည်။

မြရာက လေဒီရှူး(စ်)အနက်ရောင် ပြောင်ပြောင်လေးကို စီးပြီး အိမ်ရှေ့မှာ အဆင်သင့် ရပ်ထားသော ကားဆီသို့ မြင့်မြင့်စွင့်စွင့် စမတ်ကျကျလေး လျှောက်သွားနေပြီဖြစ်သော်လည်း ကားတံခါးဖွင့်ပေးမည့် ဒရိုင်ဘာက အဆင်သင့်ရှိမနေ။ မောင်းသူနေရာမှာလည်း မရှိ. . .။

မြရာသည် စိတ်အနှောင့်အယှက်ဖြစ်သွားတာမို့ မျက်မှော်လေး ကြုတ်လိုက်မိရင် . . .

''ဒေါ်နွဲ့ . . . ဒေါ်နွဲ့''

''ရှင်. . . လာပါပြီ''

''ဒရိုင်ဘာ ဘယ်မှာလဲ . . .''

''ဟို . . . ကွမ်းစားချင်လို့ဆိုလား၊ လမ်းထိပ်က ကွမ်းယာဆိုင်မှာ ကွမ်းယာ သွားဝယ်ပါ တယ်''

''သူ့ကို အလုပ်ထုတ်ပစ်လိုက်ပြီလို့ ပြောလိုက်ပါ''

''ရှင် . . .''

မြရာက ကားရှေ့ခန်းတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်ပြီး ကားကို မောင်းထွက်လာခဲ့သည်။ ဦးမြကြီးက အလုပ်ထုတ်သည့်ကိစ္စ သူ့ဘက်သို့ လှည့်မလာရလေအောင် ခြံတံခါးကို အပြေးအလွှား သွားဖွင့်ပေးလိုက်ရသည်။

''ဟာ . . . မမလေး . . . မမလေး ကျွန်တော့်ကို စောင့်ဦးလေ မမလေး . .

.၊ ကျွန်တော် မောင်းရမှာလေ မမလေး''

ခြံထဲသို့ ပြန်ဝင်လာနေသေ ဒရိုင်ဘာက အပြေးအလွှား လိုက်အော်ခေါ်သော်လည်း မြရာက လုံး၀ ဂရုမစိုက်ဘဲ ကားလီဗာကို ဖိနင်းလိုက်လေသည်။

*

''ဘောစိမ လာပြီဗျို့၊ ဘောစိမ လာပြီ. . . .''

ကုမ္ပဏီဝန်ထမ်းတွေ စုပေါင်း မုန့်ဖိုးပေးကာ အစောင့်ချထားသော သန့်ရှင်းရေး ဝန်ထမ်း ကောင်လေးက မေမြရာကားကို လှမ်းမြင်သည်နှင့် ရုံးခန်းထဲသို့ ပြေးဝင်လာကာ ဆော်ဩသတိ ပေးလိုက်လေရာ . . .

''ဘောစိမ့ လာပြီတဲ့ဟေ့ . . .''

ဝိုင်းဖွဲ့၍ လက်ဖက်သုပ် စားနေသူများက လက်ဖက်ပန်းကန်ကို စားပွဲအောက် အံဆွဲထဲ သို့ ထိုးထည့်၍ ဖွက်သူကဖွက် စားပွဲပေါ်မှာ ပွထနေသည့် ကြက်သွန်ဖြူခွံတွေနှင့် ငရုပ်သီးစိမ်း အညှာ တွေကို သိမ်းသူကသိမ်း။ သူ့နှုတ်ခမ်းနီ ကိုယ်ဆိုးကြည့်၊ ကိုယ့်နှုတ်ခမ်းနီ သူ့ပေးဆိုးနေကြသူ များ မျက်တောင်ကော့နေကြသူများ၊ မိတ်ကပ် တက်စတင် လုပ်ကြည့်နေကြသူများကလည်း စားပွဲ ပေါ်မှာ ပြန့်ကျဲနေသော အလှပြင် ပစ္စည်းများကို ကြုံးယူကာ စလင်းဘတ်အိတ်ထဲ ထည့်၍ သိမ်း သူက သိမ်း။ နိုင်ငံခြားက အမျိုးအဆွေတွေ ပြန်လာလို့ ပါလာတဲ့ ပိတ်စ၊ အကျႌအိတ်၊ ဖိနပ်တွေကို ရုံးယူလာပြီး အရောင်းအဝယ် လုပ်နေသူကလည်း ပစ္စည်းတွေကို အလျင်အမြန် ဖွက်လိုက်ရ၏ ။

မေမြရာ ရုံးခန်းထဲသို့ ဝင်လာချိန်မှာတော့ဝန်ထမ်းအားလုံးက ကိုယ့်စားပွဲမှာ ကိုယ် မှင် သေသေငြိမ်ဝပ်ပိပြားလျက်ပင်။

မေမြရာသည် စားပွဲတွေရဲ့အလယ် စင်္ကြံလမ်းမှ လျှောက်ဝင်လာရင်း

ကိုယ့်ဝန်ထမ်းတွေ ကို လှမ်းကြည့်အကဲခတ်လိုက်ပြီး ခန်းမကျယ်ကြီးရဲ့ တစ်ဖက်ထိပ်က ရုံးခန်းထဲသို့ လှမ်းဝင် လိုက်သည်။

စောစောလေးက မေမြရာ စားပွဲပေါ်က ရုံးဖုန်းကို သုံးချင်တိုင်းအသုံးပြုက ရည်းစား နှင့် အီနေခဲ့သော အတွင်းရေးမှူးမကလေးသည်လည်း ခုတော့ လက်ကလေးနှစ်ဖက် ရှေ့မှာ ယှက်ကာ မေမြရာကို ဦးညွှတ်ကြိုဆိုလိုက်ရင်း . . .

''မောနင်းပါ . . . မမ''

''မောနင်းပါ. . . မေဇင်''

မေမြရာက စားပွဲမှာ ဝင်ထိုင်လိုက်သည်။ အတွင်းရေးမှူးမလေးက ဖိုင်တစ်ထပ်ကို စားပွဲ ပေါ်မှာ ရိုရို့ကျိုးကျိုးတင်ပေးလိုက်ရင်း . . .

''ဒါက မမ လက်မှတ်ထိုးပေးရမယ့် စာရွက်တွေပါ''

မြရာက ဖိုင်တွေကို ဆွဲကြည့်ပြီး လက်မှတ်ထိုးစရာရှိတာ ထိုးပေးနေဆဲမှာ အတွင်းရေးမှူး မလေး မေဇင်အေးက စားပွဲရှေ့မှာ ရပ်စောင့်နေရင်း ကိုယ့်ဘောစိမရဲ့ မျက်နှာကို မကျေမနပ် ကြည့်နေမိပါသည်။ ကြည့်ပါလား . . .ရပ်ကိုက တစ်လောကလုံးကို သူ့အိမ်ပေါ်ခေါ်တင်ကျွေး ထားရလို့ စိတ်ရှုပ်နေရတဲ့မျက်နှာမျိုးနဲ့ . . .။ လူကလေးက လှပါသော်လည်း မျက်နှာက အရယ် အပြုံးမရှိတဲ့ စက်ရုပ်မျက်နှာမျိုး . . .။ ခုတော့ လက်မှတ်ထိုးရမယ့် စာရွက်တွေကို ပြူးပြဲစစ်နေ လို့သာ ငြိမ်းချမ်းသယောင် ထင်ရပေမယ့် ခဏနေကျ ပူလောင်ပြင်းပြလှုပ်ရှားသက်ဝင်လာပြီး လူ တကာကို အပြစ်ရှာတတ်တဲ့ အကြည့်မျိုးတွေနဲ့ ကြည့်လာတော့မှာ . . .။

ဒီရုံးက ရှိရှိသမျှ ဝန်ထမ်းတွေဟာ မေမြရာဆိုတဲ့ သူဌေးမ ငယ်ငယ်လှလှလေးကို ရှေ့ တင်သာ မမ မမရယ်လို့ တဖွဖွခေါ်ပြီး ဒူးတုန်အောင်ကြောက်နေကြရပေမယ့် ကွယ်ရာမှာတော့ ဘောစိမရယ်လို့

လျောင်ပြောင်ခေါ်ကာ ထင်သလို စည်းမရှိ ကမ်းမရှိ နေနေကြတာပင်. . .။

ဘောစိမ ထုတ်ပြန်ထားတဲ့ ကြောင်တောင်တောင်စည်းကမ်းချက်တွေကိုလည်း ကွယ်ရာ မှာ ဟားကြပါသည်။

ဘောစိမရဲ့ စည်းကမ်းတွေက လိုက်နာစရာမှ မကောင်းဘဲ၊ ရယ်ရပါတယ်. . . ဘာတဲ့ . . .။

ဤရုံးခန်းအတွင်း အတင်းမပြောရ။

အလှမပြင်ရ။

ရည်စားနှင့် ဖုန်းမပြောရ။

မိန်းကလေးများ မလိုအပ်ဘဲ ပဲမများရ။

အဲ့ဒီ စည်းကမ်းချက်တွေ စထုတ်တဲ့နေ့ကစပြီး ဒီရုံးက ရှိသမျှ မိန်းမတွေဟာ တစ်ပါးသူရဲ့ အတင်းကိုသာမက ဘောစိမရဲ့ အတင်းကိုပါ ပိုပိုသာသာ ပြောတတ်လာကြောင်း မေဇင် သိလာခဲ့ ရပါသည်။ မေဇင်ဟာ ဘောစိမရဲ့ ၁၆ ယောက်မြောက် အတွင်းရေးမှူးဖြစ်ကြောင်းကိုလည်း ဒီရုံးက လူတွေပြောပြလို့သိခဲ့ရတာ ပင် . . .။

''ဘုရားသာ တနေပေတော့ မမေဇင်ရေ . . .။ မမေဇင်ရှေ့က စက္ကထရီတွေလည်း သူ့ ဒဏ်မခံနိုင်လို့ ပြေးကြရတာ ၊ တချို့ဆို တစ်လတောင်မခံဘူး၊ တချို့ကျတော့လည်း လခမက်လို့ သူ့ဒဏ်ကို အတတ်နိုင်ဆုံး သည်းခံပြီး လုပ်ကြပေမယ့် သူ့စိတ်နဲ့မတွေ့ရင် အလုပ်ထုတ်ပစ် လိုက်တာပဲ၊ မမေဇင်နဲ့ဆို ၁၆ ယောက်မြောက် ရှိနေပြီ၊ ကျွန်မတို့ ဘောစိမ ဆိုးပုံများတော့ ရုပ်ကလေးနဲ့တောင်မလိုက်ပါဘူး မမေဇင်ရယ် . . .''

ဘောစိမ ဒေါ်မေမြရာ၏ ကောင်းသတင်းတော့ ဒီလို မွှေးပျံ့နေခဲ့တာပင်။ ထိုကဲ့သို့ ကောင်း သတင်းမွှေးလာသော မေမြရာကို မေဇင်ကလည်း

သိပ်စေတနထားလို့မရပါ။ ဒီတော့ ခိုင်းသမျှ အလုပ်ကို တာဝန်ကြေလုပ်ရုံသာ။ ဘောစိ ရုံးမှာမရှိတဲ့အချိန်တွေမှာ ရုံးဖုန်းဖြင့် ကိုယ့်ရည်းစားဆီ သဘောရှိဆက်နေရုံသာ ဘောစိက မေဇင့်ကို GSM ဖုန်းတစ်လုံးလည်း ပေးထားပေမယ့် bill ဆောင်ရတာ သိပ်များလွန်းရင် အကောခံရမှာမို့ ဆင်ဆင်ခြင်ခြင် သုံးရတာ ပင်။

''ဒီနေ့ ဘာတွေလုပ်စရာရှိလဲ မေဇင် . . .''

''ရှင်''

မေမြရာက လက်မှတ်ထိုးပြီးသား ဖိုင်တစ်ထပ်ကို ရှေ့သို့တွန်းရွှေ့ပေးလိုက်ရင်း မေဇင် ကို လှမ်းမေးလိုက်ပေမယ့် မေဇင်က သွက်သွက်လက်လက် မဖြေ. . .။ မြရာက မျက်မှောင်ကြုတ် လိုက်ရင်း . . .

''ဘာတွေ တွေးနေတာလဲ၊ တို့ မေးတာ မကြားလိုက်ဘူးလား''

''ရှင်....ကြားတော့ ကြားပါတယ်''

''ကြားရင် သွက်သွက်လက်လက် ဖြေမှာပေ့ါ မေဇင်၊ အတွင်းရေးမှူးဆိုတာ သူဌေးရဲ့ ကိုယ်ပွား ပဲ၊ အမြဲ ဖျက်လတ်နိုးကြားနေမှ အတွင်းရေးမှူးကောင်းတစ်ယောက်ဖြစ်လာတော့မှာ ပေ့ါ၊ မင်း ခံယူထားတဲ့ ဂုဏ်ပုဒ်ကိုက အတွင်းရေးမှူးတဲ့၊ အဲ့ဒီဂုဏ်ပုဒ်နဲ့ လိုက်ဖက်ညီအောင် သူဌေးရဲ့ အတွင်းရေးကအစ လိုက်ပြီး စီစဉ်ပေးရမယ်၊ မင်ရဲ အာရုံထဲမှာ တို့ရဲ့ အလုပ်ကိစ္စကအစ မင်းကို တို့လုပ်ပေးစေချင်တဲ့ ကိုယ်ရေးကိုယ်တာအဆုံး အမြဲထည့်ထားရမယ်၊ ကဲ.....ပြော....ဒီနေ့ တို့လုပ်ရမယ့် အချိန်ဇယားကို. . .''

''ဟို . . . နေ့လယ်ကျရင် ဆီဒိုးနား ဟိုတယ်က ဆွေးနွေးပွဲတစ်ခု တက်ရပါမယ်၊ ပြီးတော့ ... ညနေကျရင် အရေးကြီးတဲ့ ဧည့်သည် ကြိုဖို့ လေဆိပ်ကိုသွားရပါမယ်''

''နေ့လယ်ဆိုတာ ဘယ်နှစ်နာရီလဲ၊ ညနေဆိုတာ ဘယ်နှစ်နာရီလဲ၊ လေယာဉ်က ဘယ်နှစ် နာရီလောက် ဟိုကထွက်ပြီး ဒီကို ဘယ်နှစ်နာရီ ရောက်မှာလဲ''

''ခဏနော်. . . မမ၊ မေဇင် ပြန်ကြည့်ပေးမယ်၊ စာအုပ်ထဲမှာတော့ သေသေချာချာ မှတ်ထား တယ်''

''အလွတ်မရဘူးပေါ့. . .''

''ဘယ်ရပ့်ါမလဲ မမရဲ့၊ ဒီလောက်အများကြီး မှတ်ရတာ ကိုး''

ဩော်... ဒီလောက်အများကြီးတဲ့လား။ မြရာက မေဇင့်ကို ကြည့်ရင်း တော်တော် အသည်းယား သွားပါသည်။ ရုပ်ကိုက ကြည့်လိုက်ရင်တော့ နှုတ်ခမ်းနီ မိတ်ကပ် အပြည့်အစုံနဲ့ပဲ...။ ဘယ်တော့ ကြည့်လိုက်ကြည့်လိုက် မိတ်ကပ်အရောင်က ကျကိုမသွား။ ၁၅ မိနစ် တစ်ခါများ တို့ပတ်ရိုက်လိုက် နှုတ်ခမ်းနီ ထပ်ဆိုးလိုက် လုပ်နေသလားတော့ မသိ ရုပ်ကလှတယ်လို့ သတ်မှတ်ပေးလို့ရပေမယ့် အရည်အချင်းက ဘယ်လိုမှ တော်တယ်လို့ သတ်မှတ်လို့ မရတဲ့အပြင် ချာတူးကိုလန်နေတာ။

''ဒီနေ့ သွားစရာက ဒီနှစ်ခုတည်းပဲလား၊ မေဇင်''

''ဘယ်ကပ့်ါမလဲ မမရဲ့...''

''တခြား ဘာရှိသေးလဲ...''

''ကြည့်ပေးမယ်လေ၊ တစ်ခါတည်း ကြည့်ပေးမယ်''

မေဇင်က သူ့ဒိုင်ယာရီစာအုပ်ကို တဖျက်ဖျက် လှန်လှောနေရင်း ပြန်ဖြေလိုက်သည်။ မြရာက စားပွဲခုံကို ဘောလ်ပဲန်ဖြင့် တတောက်တောက် ခေါက်နေရင်းက မေဇင့် လုပ်ပုံကိုင်ပုံတွေ ကို လှမ်းကြည့်ရင်း ချက်ချင်းအလုပ်ထုတ်ပ်လိုက်ရ မကောင်းရှိတော့မယ်ဟု စဉ်းစားနေမိသည်။

မေဇင်က စာအုပ်ကိုယူကာ မြင်ရာရှေ့မှာ လာရပ်လိုက်ပြီး . . .

''ဆီဒိုးနားပွဲက ၁ နာရီပါ မမ၊ လေယာဉ်က ၇ နရီခွဲလောက် ရောက်ပါလိမ့်မယ်၊ ၁၁ နာရီ မှာ လှိုင်သာယာက အထည်ချုပ်စက်ရုံကို သွားစစ်စရာရှိပါတယ်။ အပြန်ကျရင် (???)ပလာဇာက ဖက်ရှင်ဆိုင်ကို ခဏဝင်ပါမယ်''

''ဒါပဲလား . . .''

''ဟုတ်ကဲ့၊ ဒါပါပဲ မမ . . .''

''ဆီဒိုးနားပွဲပြီးရင် ဒီရုံးခန်းမှာ နိုင်ငံခြားဧည့်သည်နဲ့ တွေ့ဖို့ ချိန်းထားတဲ့ ကိစ္စကတော့ မင်းစာအုပ်ထဲမှာ မပါဘူးပေါ့။''

''ဩော် . . . မေ့လို့ . . . မေ့လို့ . . .''

ကြည့်ပါလား . . . အပြောအဆိုကိုက၊ ဒါ အတွင်းရေးမှူးမ ပြောရမယ့် စကားမျိုးလား၊ အရပ်ဆန်လိုက်တာ။

မေဇင်အေးရဲ့ လုပ်ပုံကိုင်ပုံ ပြောပုံဆိုပုံတွေကို မြရာ မျက်စိထဲမှာ တစ်နေ့ထက်တစ်နေ့ သဘောမတွေ့နိုင်အောင်ဖြစ်လာသည်။ ဘိုးဘိုးက 'စိတ်ကိုလျှော့နော် မြေး'ဟု ပြောလွန်းလို့သာ၊ အလုပ်ထုတ်သန်သူကြီးဟု အမည်တပ်ခံရမှာစိုးလို့သာ ဒီတစ်ယောက်ကိုတော့ လွယ်လွယ်နဲ့ အလုပ်ထုတ်မပစ်ဖို့ မြရာက ဆုံးဖြတ်ထားပါသည်။

''တို့မရှိတုန်း ရုံးကလူတွေ ကောင်းကောင်းမွန်မွန် အလုပ်လုပ်ကြရဲ့လား မေဇင်''

''လုပ်ပါတယ် မမ၊ သူတို့ အလုပ်ကြိုးစားကြပါတယ်''

မေဇင်က ဖုံးဖိဖာပြီး ဖြေလိုက်သည်။ သူတို့ကို ကိုင်ကာကွယ်မှာ သူတို့လည်း ကိုယ့်ကို ကာကွယ်ကြမှာမို့ပင်။

''ဒါနဲ့ မေဇင် . . . ညက မင်းဆီ တို့ ဖုန်းဆက်သေးတယ်။ အလုပ်ကိစ္စတစ်ခုအတွက် ကြိုတင် မှာထားစရာရှိလို့ ဆက်တာ၊ မင်းဖုန်းက လုံးဝမအားဘူး၊ အလုပ်ကိစ္စအတွက် ဆက်သွယ် ရလွယ်အောင် ပေးထားတဲ့ ဖုန်းကို ကိုယ်ရေးကိုယ်တာအတွက် မသုံးပါနဲ့လို့ တို့ပြောထားတယ် မဟုတ်လား''

''မေဇင် မသုံးပါဘူး မမရဲ့၊ ဖုန်းတွေက ဒီလိုပဲ ဖြေချင်သလို ဖြေနေတဲ့ဟာ...''

အေးလေ . . . ထားလိုက်ပါတော့၊ လက်ပူးလက်ကြပ် မမိတော့လည်း မတတ်နိုင်ဘူးပေ့ါ . . .။

''ကဲ . . . မေဇင် . . . လှိုင်သာယာက အထည်ချုပ်စက်ရုံကို သွားမယ်၊ လိုအပ်တဲ့ စာရွက် စာတမ်းတွေ အဆင်သင့်လုပ်ထားလိုက်ပါ''

''ဟုတ်ကဲ့ . . . မမ''

မေဇင်က သူ့စားပွဲဘက်သို့ ပြန်လျှောက်သွားသည်။ မြရာက စားပွဲပေါ်က Laptop လေး ကို ဖွင့်ပြီး သိမ်းထားသည့် data တွေကို ဖွင့်စစ်နေဆဲမှာ မြရာရဲ့ လက်ကိုင်ဖုန်းလေးက အသံမြည် လာသည်။

မြရာက ကွန်ပျူတာ ကြည့်လက်စမို့ ဖုန်းမှာပေါ်နေသည့် နံပါတ်ကို မကြည့်မိဘဲ ဖုန်းဖွင့် ကိုင်လိုက်သည်။

''ဟဲလို . . .''

''ဟဲလို . . . ဘောစိမလား''

''ဟင်. . . ဘာ၊ ရှင်ဘယ်သူလဲ၊ ဘယ်ကိုဆက်နေတာလဲ''

''ဒေါသမကြီးပါနဲ့ ဘောစိမရယ်၊ ငါပါ. . .၊ နင့်သူငယ်ချင်း ရဲရင့်ပါ''

''နင် ခုန ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ''

''အများတကာခေါ်တဲ့ နာမည်ပဲ ခေါ်လိုက်တာလေ''

''ငါ့ကို ဘယ်သူမှ ဘောစိမလို့ မခေါ်ဘူး''

''ကျွတ် . . . ကျွတ် . . . သနားစရာကောင်းလိုက်တာ၊ ကိုယ့်နာမည်တောင် ကိုယ်မသိရှာပါ လား ဘောစိမရယ်''

''ဒီအခေါ်အဝေါ်ကို နင် ဘယ်ကကြားလာတာလဲ''

''သိချင်လား၊ သိချင်ရင် ဒီနေ့ ညစာကျွေးလေ''

''ငါ ဒီနေ့ မအားဘူး''

''နင် အားတဲ့နေ့က ဘယ်နေ့ရှိလို့တုန်း၊ အလုပ်ကလေးဘာလေးလျော့ပြီး ချစ်သူ ရည်းစား လေး ဘာလေးထားဖို့ အချိန်ပေးပါဦး၊ နင့်စောင့်နေရတဲ့ သူတွေရှိရင် ဘယ်လောက်အားနာဖို ကောင်းလဲ''

ရဲရင့်က ထုံးစံအတိုင်း နောက်သလိုလို အတည်ပေါက်လိုလို ပြောလာပြန်သည်။ ရဲရင့်ဆို တာ မေမြရာရဲ့ တစ်ဦးတည်းသော ယောကျ်ားလေး သူငယ်ချင်းပင်၊ သူငယ်ချင်းလို့ ဆိုပေမယ့် လည်း မြရာရဲ့ ရဲရင့်က သိပ်မတွေ့ဆုံဖြစ်ကြပါ။ မြရာကလည်း ခပ်ငယ်ငယ်က အဘိုးနဲ့အတူ နိုင်ငံခြားမှာပဲ အနေများကာ သူကလည်း သင်္ဘောသားမို့ သင်္ဘောလိုက်နေသည့် အချိန်တွေသာ များခဲ့တာမို့ပင်။

မြရာက ရဲရင့်ကိုဆို ယောကျ်ားလေးချင်းလို သဘောထားပြီး ပေါင်းခဲ့တာပင်။ ရည်းစား လည်း မထားဖြစ်တာမို့ မြရာမှာ ရင်းရင်းနှီးနှီး စကားပြောစရာ ယောကျ်ားဆိုလို့ ရဲရင့် တစ်ယောက် သာ ရှိခဲ့ပါသည်။ သို့သော်လည်း မြရာက အလုပ် အမြဲရှုပ်နေတတ်တာမို့ ခုနောက်ပိုင်းမှာ သူနဲ့ လည်း သိပ်မတွေ့ဖြစ်၊ ဖုန်းလည်း သိပ်မပြောဖြစ်တော့ပါ။

မြရာ ရည်းစားမထားတာက မြရာဘဝမှာ ရင်ခုန်လောက်စရာ

ယောက်ျားမျိုးကို မတွေ့ တာလည်းတစ်ကြောင်း၊ ကိုယ်တိုင်က ယောက်ျားတွေနှင့်တန်းတူ အလုပ်လုပ်နိုင်တာမို့ ဘယ် ယောက်ျားကိုမှ အထင်ကြီးအားကိုးလို့မရတာ လည်း တစ်ကြောင်းကြောင့်ပင်။ ရဲရင့်ကတော့ တစ်ခါ တစ်ခါ နောက်သလို အတည်လိုနှင့် သံယောဇဉ်ရိပ်သမ်းသည့် စကားမျိုးတွေ ပြောတတ်သည်။ သို့သော် . . . သူ့ဘက်က ဘယ်လိုသဘောပဲရှိရှိ မြရာကတော့ ဘုရားစူး ရင်မခုန်ပါ။ သူ့ကို ရိုးရိုး သားသား ခင်စရာ သူငယ်ချင်းတစ်ယောက်လိုသာ သဘောထားလို့ရပါသည်။

''ဒီနေ့ မအားရင် မနက်ဖြန် အားမလား မြရာ''

''နင်ကလည်း တစ်သက်လုံး သဘော်လိုက်နေဖို့ပဲကောင်းတယ်၊ ပြန်ရောက်တာနဲ့ ဂျီပြီ၊ ခဏနေဦး. . . မနက်ဖြန် ညနေ ဘာကိစ္စရှိလဲ မေးလိုက်ဦးမယ်၊ မေဇင် မနက်ဖြန် ညနေ ဘာအပွဲင့်မင့်ရှိလဲ''

''ခုထိတော့ မရှိပါဘူး မမ''

''ကဲ . . . မရှိဘူးတဲ့၊ မနက်ဖြန် ကျွေးပါ့မယ်''

''နင့်အတွင်းရေးမှူးမလေးအသံကလည်း ချိုလိုက်တာနော်''

''ဒါပဲ . . . နင်ကတော့ . . .''

''ဘာလဲ. . . ပြောတာမကြိုက်ဘူးလား၊ သဝန်တိုတာလား''

''လာအကဲစမ်းမနေနဲ့၊ ဘာသဝန်မှ မတိုဘူး''

''နင့်အတွင်းရေးမှူးမလေးက အသံတင်ချိုတာမဟုတ်ဘူး၊ ရုပ်ကလေးကလည်း ချော . . .''

''နင် ဘယ်တုန်းက မြင်ဖူးလို့လဲ''

''ဆံပင် စတက် အကောက်ကလေးနဲ့ နီညိုရောင်တောင် ဆိုးထားသေး . . .''

''ဟင် . . . နင် တကယ်မြင်ဖူးတာလား''

''ရုပ်ချောရုံတင် မကဘူး၊ တော်ကီကလည်း အရမ်းကောင်း''

''ဟဲ့ . . . ငါမေးတာ ဖြေဦးလေ''

''ဒါပေမယ့် သူ့အလှက ပူလောင်ပါတယ်ဟာ၊ နင့်အလှကို ခြေဖျားတောင် မမီဘူး၊ နင့်ရုပ်ကမှ မျက်နှာတည်ကြီးပေမယ့် သူ့ထက်တော့ အေးချမ်းပါသေးတယ်''

''ရဲရင့် ငါမေးတာ မဖြေဘူးလား''

''မနက်ဖြန် ညနေတွေ့မှ ဖြေမယ်လေ ဘောစိမရဲ့''

''ဟဲ့. . . နင် ငါ့ကို အဲ့ဒီလို မခေါ်စမ်းနဲ့''

''သူများခေါ်လို့ ခေါ်ရတာ ပါ ဘောစိမရဲ့၊ ဟား . . . ဟာ''

''ငါဖုန်းချလိုက်တော့မယ်''

''နေပါဦး... မချပါနဲ့ဦး၊ ငါ တစ်ခုလောက် မေးချင်လို့ပါ''

''မြန်မြန်မေး၊ ငါ့မှာ လုပ်စရာအလုပ်တွေ ရှိတယ်''

''နင့်ရုံးက လူတွေက နင့်ကို သိပ်ကြောက်ရလား''

''ဒါပေါ့...''

''နင်က အရမ်းကို စည်းကမ်းကိုင်ထားတာပေါ့''

''ဒါပေါ့. . .''

''အောင်မြင်လား . . .''

''ဘာကိုလဲ. . .''

''ဝန်ထမ်းတွေကို အုပ်ချုပ်တဲ့နေရာမှာလေ. . .''

''သိပ်အောင်မြင်တာပေါ့၊ သိတယ်မဟုတ်လား၊ ငါက စည်းကမ်းကြီးတယ်လေ၊ ငါ့ရုံးမှာ အလုပ်လပ်ရင် ငါ့စည်းကမ်းကို မလိုက်နာလို့မရဘူး စည်းကမ်းဖောက်ဖျက်ရင် အလုပ်ထုတ် ပစ်လိုက် တာပဲ''

''သြော်. . . သြော်. . . ဒါဆို ဘာလို့ ခုထိ တစ်ရုံးလုံးကို အလုပ်မထုတ်သေးတာလဲ''

''ဘာရယ်...''

''ဟား . . . ဟား . . . တွေ့မှပြောမယ်။ တွေ့မှ ဆက်ပြောမယ်''

ရဲရင့်က တဟားဟားရယ်ရင်း ဖုန်းချသွားတာမို့ မြရာ စိတ်ထဲမှာ ကသိကအောက် ဖြစ်ကျန် ခဲ့ပါသည်။ အဲ့ဒီ ရဲရင့်ဟာ အမြဲ သဘော်ပေါ်မှာပဲ နေဖို့ကောင်းသည်။ ပြန်ရောက်တာနဲ့ မြရာကို စိတ်အနှောင့်အယှက်ဖြစ်အောင် ထေ့ငေါ့ ကလိရိနေတော့တာပဲ။ မြရာ အလုပ်ထဲကို အာရုံစိုက် လွန်းတာ၊ စည်းကမ်းကြီးတာတွေကို ရဲရင့်က သိပ်ကြည့်မရသူမို့ ကြုံရင် ကြုံသလို နှိပ်ကွပ်တတ် တာပင်။

အိမ်မှာ ဘိုးဘိုးကလည်း မြရာကိုဆို စိတ်လျှော့ဖို့ အမြဲသတိပေးနေသည်။ တကယ်တော့ ဘိုးဘိုး ဦးမေအောင် ကိုယ်တိုင်က စိတ်ထက်သူပင် . . .။ မြရာ စိတ်ထက်တာဟာ အဘိုးနဲ့ တူလို့ ဟု ဆိုခဲ့ကြတာပင်. . .။ ဘိုးဘိုးဟာ ခုချိန်မှာတော့ အငြိမ်းစား သံအမတ်ကြီးဟောင်း။ တစ်ချိန် ကတော့ သူ့အလုပ်မှာသူ နာမည်ကောင်းဖြင့် ကျော်ကြားခဲ့သည်။ မြရာ ငယ်ငယ်ကဆို အဘိုး တာဝန်ထမ်းဆောင်နေသည့် နိုင်ငံကို မကြာခဏ လိုက်နေဖြစ်ခဲ့သည်။ အဘိုးနဲ့နေခွင့်ရခိုက်မှာ မြရာ အမြဲပျော်ရွှင်ခဲ့ရသည်။

သို့သော်. . . မြရာတို့ မိသားစုဘဝလေးက ကံဆိုးခဲ့ပါသည်။ မြရာရဲ့ မေမေ ဒေါက်တာ မေမိုးချို့ဟာ မြရာ ရှစ်နှစ်သမီးလောက်မှာ နိုင်ငံခြားကို ပညာတော်သင်သွားရင်း ဟိုမှာ ကားအက်ဆီးဒင့်ဖြစ်ကာ ကွယ်လွန်ခဲ့သည်။

ဖေဖေသည်လည်း မေမေ့စိတ်ဖြင့် အရူးတစ်ပိုင်း ဖြစ်ကာ မေမေဆုံးခဲ့သည့် အင်္ဂလန်မှာပဲ အလုပ်လုပ်ရင်း အခြေချခဲ့သည်။ မြရာကတော့ ဘိုးဘိုး နှင့် အတူ ကျန်ရစ်ခဲ့သည်။ မေမေဆုံးပြီး သုံးနှစ်အကြာမှာ ဖေဖေဟာ ညဘက် အရက်အလွန် အကျွံသောက်ပြီး နောက်တစ်နေ့ မနက်မှာ နှလုံးသွေးရပ်ကာ သေဆုံးသွားခဲ့သည်။

မိဘတွေ ဆုံးတော့ မြရာအသက်က ငယ်ငယ်လေးပဲရှိသေးသည်။ မြရာဟာ ဘိုးဘိုး လက်ပေါ်မှာ ကြီးရသည်။ မြရာဘဝရဲ့ အချိန်အတော်များများကို ပညာသင်ခြင်းမှာသာ မြုပ်နှံထား ခဲ့သည်။ ဘိုးဘိုး အလုပ်မှ အနားယူတော့ နိုင်ငံခြားက မိတ်ဆွေများ၏ အကူအညီဖြင့် စီးပွားရေး လုပ်ငန်းတစ်ခု စလုပ်ပါသည်။ အထည်ချုပ်စက်ရုံ၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းသည့် ကုမ္ပဏီ စသဖြင့် လုပ်ငန်းတွေ ချဲ့ထွင်အောင်မြင်လာချိန်မှာ မြရာသည်လည်း အဘိုး၏ သင်ပြမှု ကြောင့် စီးပွားရေးနယ်ပယ်မှာ နေရာလေး ရလာသည်။ ဦးမေအောင်ရဲ့ မြေးမလေးက သိပ်ထက် မြက်တာဟူသော ဂုဏ်သတင်းက စီးပွားရေးနယ်ပယ်မှာ မွှေးပျံ့လာသည်။

မြရာအသက် ၂၃ နှစ်ပြည့်ချိန်မှာတော့ ဘိုးဘိုးက လုပ်ငန်းတွေအားလုံးကို မြရာလက်သို့ ယုံယုံကြည်ကြည် လွှဲအပ်ကာ အနားယူခဲ့ပါသည်။ အိမ်မှာပဲ စာရေး စာဖတ်၊ တရားထိုင်ရင်း အေးအေးချမ်းချမ်းနေနေသော အဘိုးဟာ မြရာရဲ့ အလုပ်တွေကို တစ်ခါတလေ လိုအပ်မှသာ ဝင်အကြံပေးရုံသာ။ အားလုံးမြရာလက် မြရာခေ လုပ်ကိုင်လာနိုင်ခဲ့တာ ခုဆို သုံးနှစ်ရှိခဲ့ပြီ။ သုံးနှစ် အတွင်း အတွင်းရေးမှူး ၁၆ ယောက်ပြောင်းခဲ့ပြီ။ ဝန်ထမ်း ဘယ်နှစ်ယောက်ကို အလုပ်ထုတ် ပစ်ခဲ့ပြီလဲဆိုတာ ရေတွက်လို့တောင် မနိုင်တော့ . . .။

ဘိုးဘိုးကတော့ မြရာကို ဝေဖန်သည်။

''ငါ့မြေးလေးက အလုပ်မှာတော့ အောင်မြင်ပါရဲ့၊ ဝန်ထမ်းရေးရာမှာတော့ မအောင်မြင်ပါ လားကွယ်''

ဘိုးဘိုးက ဒီလိုဝေဖန်တိုင်း မြရာမှာ ဆင်ခြေတွေ အသင့်ရှိခဲ့သည်။ ဘိုးဘိုးက ပြုပြင် ယူ စေချင်သည်။ မြရာက မကြိုက်ရင် အသစ်ပြောင်းသည်။ ဝန်ထမ်းတွေ ဘယ်လိုပဲပြောင်းပြောင်း မြရာ ရဲ့အလုပ်တွေက အောင်မြင်မြဲမို့ ဘိုးဘိုးလည်း သိပ်တော့ မပြောသာပါ။

''မမ . . . စာရွက်စာတမ်းတွေ အသင့်ဖြစ်ပါပြီ''

မေဇင်က ရုံးခန်းအပြင်ဘက်ထွက်ကာ အပြင်ဘက်က ဝန်ထမ်းတွေဆီက လိုအပ်သည့် စာရွက်စာတမ်းတွေ စစ်ဆေးယူလာပြီး မြရာရုံးခန်းထဲ ပြန်ဝင်လာသည်။

မြရာက စားပွဲနောက် စင်ပေါ်က လက်ကိုင်အိတ်ကို လှမ်းယူလိုက်ရင်း. . .

''ကောင်းပြီ. . . ဒါဆို သွားကြရအောင်''

ဟု ပြောကာ ရှေ့မှထွက်နှင့်သည်။ မြရာ ရုံးခန်းထဲမှ ထွက်လာသော ရုံးခန်းထဲက ခပ်တိုးတိုး စကားပြောသံတွေပင် ဆိတ်ငြိမ်သွားရသည်။ မြရာက တံတောင်ဆစ်ကွေးမှာ ချိတ်ထား သော သားရေနက်ပြောင်ပြောင် လက်ကိုင်အိတ်ကြီးထဲက နေကာမျက်မှန်ကို ထုတ်တပ်လိုက်ပြီး ရုံးခန်းထဲမှ ခပ်မော့မော့ ထွက်သွားသည်။ မေဇင်က ဖိုင်တစ်ထပ်ကို ပိုက်ကာ နောက်မှ ခပ်ကုပ်ကုပ် လိုက်လာရင်း ရုံးက ဝန်ထမ်းတွေဘက်သို့ လှည့်ကာ နှာခေါင်းရှုံ့ပြခဲ့သည်။

ကားနားသို့ ရောက်သွားသော မေမြရာက ခြေလမ်းတုံ့ကာ မေဇင်ကို လှည့်ကြည့်လိုက် ရင်း . . .

''မေဇင်. . .''

''ရှင် . . . မမ''

''ကားမောင်းတတ်တယ် မဟုတ်လား''

''ဟုတ်ကဲ့ . . . မောင်းတတ်ပါတယ်''

''ဒါဆို ဒီနေ့တော့ မေဇင်ပဲ မောင်းလိုက်တော့၊ တို့ ဒီနေ့ ဒရိုင်ဘာကို အလုပ်ထုတ်ပစ်ခဲ့ တယ်၊ မနက်ဖြန် ဒရိုင်ဘာအသစ်တစ်ယောက် လိုချင်တယ်''

မြရာက မေဇင့်ကို ကားသော့လှမ်းပေးလိုက်တာမို့ မေဇင်က လှမ်းယူပြီး ကားတံခါးကို အရင် ဖွင့်ပေးလိုက်သည်။ မြရာ ကားပေါ်တက်ထိုင်ပြီးတော့မှ မေဇင်က မောင်းသူဘက်သို့ လျှောက်သွားကာ တံခါးဖွင့် ဝင်ထိုင်လိုက်ပါသည်။

မြရာတို့ကား ထွက်ခွာသွားချိန်မှာတော့ အပြင်ဘက်သို့ ချောင်းကြည့်နေသော သတင်းပေး ကောင်လေးက ရုံးခန်းဘက်သို့လှည့်ကာ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်သတင်းပေးလိုက်၏ ။

''ဘောစိမ သွားပြီဗျို့ . . . ဘောစိမ သွားပြီ''

''ဘောစိမ သွားပြီတဲ့ဟေ့ . . .လ

ထိုအချိန်မှစကာ ရုံးခန်းဟာ ရယ်သံ စကားပြောသံများဖြင့် ဆူညံ လှုပ်ရှား သက်ဝင်လာ ခဲ့ပါသည်။

*

''ကဲ . . . ပြော . . . ရဲရင့်''

''ဘာကိုလဲ . . . ဘာကိုပြောရမှာလဲ''

''နင် မနေ့က ဖုန်းထဲမှာ ပြောထားတဲ့ကိစ္စကို ဆက်ပြောစမ်းပါဦး''

''ခဏနေပါဦး ဘောစိမရယ်၊ ဖြောင့်ဖြောင့်စားပါရစေဦး''

''ငါ အချိန်သိပ်မရဘူးနော် ရဲရင့်။ နင့်ကို သူငယ်ချင်းမို့လို့ နင် သဘော်က ပြန်ရောက်ခါစ မို့လို့ အချိန်ပေးပြီးတွေ့တာ . . .''

''နင့်ကို ဘယ်သူက ဘောစိမ ခေါ်တယ်ဆိုတာလေးကို သိချင်တာလေးရယ်၊ နင့်အတွင်းရေးမှူးမပုံစံကို ငါသိနေတာကို သိချင်တာလေးရယ်ပါ ထည့်ပြောဦးလေ ဘောစိမရဲ့ . . .''

''နင်... အဲဒီ လို ဆက်ခေါ်နေရင်တော့ ငါသွားတော့မယ် ရဲရင့် . . .''

''ဟ . . . ဟ ... စိတ်ကြီးလှချည်လား၊ နေပါဦး ဒေါ်မေမြရာရဲ့၊ သူငယ်ချင်း အချင်းချင်း ခဏ ကျီစယ်နေတာလေးကိုတော့ သည်းခံပေးမှပေါ့''

မြရာက ထပြန်ဖို့ပြင်တာမို့ ရဲရင့်က မြရာလက်ကို ကမန်းကတန်း လှမ်းဆွဲရင်းပြောသည်။ မြရာက လက်ကို ပြန်ဆွဲရုန်းလိုက်ရင်း . . .

''နင် ငါ့လက်ကို အဲ့ဒီလို လှမ်းလှမ်းဆွဲတတ်တာ ငါ အမုန်းဆုံးပဲ''

''အမှတ်တမဲ့မို့လို့ပါဟာ၊ ဘာသဘောမှ မပါပါဘူး။ နင့်လက်ကိုင်ရလို့လည်း ငါ့စိတ်ထဲ ဘယ်လိုမှ မနေဘူး၊ နင့်စိတ်ထဲလည်း ဘယ်လိုမှ

မနေဘူး မဟုတ်လား၊ သူငယ်ချင်း အချင်းချင်းပဲ ဟာ''

''သူငယ်ချင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် လက်ပါတာ ငါမကြိုက်ဘူး''

''အေးပါ . . . အေးပါ . . . မှတ်ထားပ့ါမယ်၊ ငါစားချင်တာလေးတွေ မှာလိုက်တော့မယ် နော်''

''မှာ . . . မှာ၊ မှာပြီးရင် ကုန်အောင်စား၊ အလဟဿတော့ မဖြစ်စေနဲ့၊ သူ့မှာလည်း ပိုက်ဆံ ရှိရက်သားနဲ့ ငါ့ကျွေးတပဲ အမြဲစောင့်စားနေတယ်''

''နင်က သူဌေးပဲဟာ၊ ငါက လခစား သဘော်သား၊ နင့်လို လုပ်ငန်းရှင်မဟုတ်ဘူး''

''နင်က စက္ကန့်မိတ်လေ၊ ကုန်းပတ်တိုက်ရတဲ့သူမှမဟုတ်တာ၊ ဒီလောက် ဒေါ်လာတွေ ရနေတာကို''

''ဟဲ ဟဲ . . .''

ရဲရင့်က ပြုံးစိစိရုပ်နှင့် မီနူးစာရွက်ကို ပြူးတူးပြဲတဲကြည့်နေသည်။

သူ့ကို ကြည့်လိုက်ရင် အမြဲပေ့ါပါးရွှင်မြူးနေတတ်သည်။ ဆံပင်အရှည်ကို နဖူး အပြောင် သိမ်းကာ နောက်မှာ စုစည်းထားပြီး မကြီးမငယ် နားကွင်းတစ်ဖက်ပန်ထားသော၊ ဂျင်းဘောင်းဘီ အစုတ်အပြဲ ဒီဇိုင်းကို တီရှပ်ခပ်ကျပ်ကျပ်နှင့် တွဲဝတ်တတ်သော ရဲရင့်ကို မြရာက လူကြီး လူကောင်း မဆန်လိုက်တာဟု အမြဲ ရှုံ့ချနေကျပင်. . .။

ရဲရင့်က စိတ်တိုင်းကျ စားစရာမျိုးစုံ မှာလိုက်ပြီး မြရာကို လှမ်းကြည့်ကာ. . .

''နင်ရော ဘာစားမလဲ''

''ငါက ညနေစာ မစားဘူး၊ အသီးအနှံလောက်ပဲ စားတယ်''

''ဝိတ်တက်မှာ စိုးလို့လား''

''ဆိုပါတော့ . . .''

''အလှအတွက် အငတ်ခံတယ်ပေါ့''

''အငတ်မခံပါဘူး၊ အရမ်းစားချင်လာရင်တော့ စားပါတယ်၊ ညီမ အစ်မဖို့ apple juice တစ်ခွက်နဲ့ အရွက်စုံဆလတ် တစ်ပွဲပေး''

မြရာက စားပွဲထိုး ကောင်မလေးကို လှမ်းမှာလိုက်ပြီး ရဲရင့်ဘက်သို့ ပြန်လှည့်လာ သည် ရဲရင့်က မြရာကို ပြုံးစိစိ ကြည့်နေရင်း . . .

''မြရာ. . . နင့်ရုံးက ဝန်ထမ်းတွေက နင့်ကို သိပ်ကြောက်ရတာ ပဲလား''

''နင် ဒါပဲမေးနေတာပဲ၊ ကြောက်ရတယ်ဟော့၊ ငါက အရမ်းစည်းကမ်းကြီးလို့ ငါ့ကိုဆို အသေ ကြောက်ကြတယ်၊ ငါ့စည်းကမ်းကို လိုက်နာကြတယ်''

''နင့်အတွင်းရေးမှူးမနဲ့ရော အဆင်ပြေလား''

''ခုထိတော့ သိပ်မဆိုးသေးဘူးလို့ ဆိုရမှာပေါ့၊ သိပ်ဆိုးလာရင်တော့လည်း ထုံးစံအတိုင်း ထုတ်ပစ်လိုက်ရုံပေါ့၊ ဒီတစ်ခါ အတွင်းရေးမှူးခန့်ရင်တော့ ယောကျ်ားလေးပဲ ခန့်တော့မယ်''

''ဘာဖြစ်လို့လဲ''

''မိန်းမတွေက ပစိပစပ်များတယ်၊ အားရင် ရည်းစားနဲ့ ဖုန်းအီတယ်၊ စကားရှုပ်တယ်၊ အပို အလုပ်တွေများလွန်းတယ်၊ ငါမကြိုက်ဘူး''

''အရွယ်ငယ်ငယ် သူဌေးမက ယောကျ်ားလေးအတွင်းရေးမှူးခန့်တော့ လူပြောစရာဖြစ်မှာ နင်မကြောက်ဘူးလား''

''ငါ ဂရုမစိုက်ဘူး။ လူပြောစရာ ဖြစ်တယ် မဖြစ်ဘူးဆိုတာက

ကိုယ့်အနေအထိုင်ပေါ်မှာ မူတည်တယ်၊ ဝန်ထမ်းနဲ့ပ အလုပ်ရှင်ဆိုတာ စည်းကမ်းဖက်စီမှာပါ။ စည်းကမ်းခိုင်ခိုင်ခြားပြီးနေရင် ဖြစ်တာပဲ''

''နင်က အဘိုးနဲ့ပဲ အမြဲနေပြီး ယောကျ်ားလေးလို ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်မာမာမျိုး နဲ့နေခဲ့တော့ ယောကျ်ားဆန်ပြီး မိန်းမတွေကို သိပ်ကြည့်မရတော့တာပါ။ မိန်းမဆိုတာကတော့ မိန်းမသဘာဝ ဇယားရှုပ်တာလေးတွေ ရှိမှာပေါ့''

''ငါက မိန်းကလေး သူငယ်ချင်း ကံမကောင်းဘူး ရဲရင့်၊ ငါ ငယ်ငယ်က အရမ်းချစ်တဲ့ မိန်းကလေး သူငယ်ချင်းရှိခဲ့ဖူးတယ်၊ သူ့ကိုငါ ယုံလည်း အရမ်းယုံခဲ့တယ်၊ ဒါပေမယ့် သူက ငါ့အပေါ် မဖြောင့်မှန်ခဲ့ဘူး၊ ငါ့ ပြည့်စုံမှုနဲ့ ငါ့အလှကို အမြဲမနာလို ဖြစ်နေတတ်တဲ့သူ တစ်ယောက်၊ ငါ့ကိုယ်ရေးကိုယ်တာတွေကို လူတကာ သိအောင် ပိုပိုသာသာလျှောက်ပြောပြီး ကွယ်ရာမှာ ငါ့ကို အသေရဖျက်နေတဲ့ သူတစ်ယောက် ဖြစ်နေမှန်း ငါ တော်တော်နောက်ကျမှ သိခဲ့ရတယ်၊ နောက်ထပ်ပေါင်းတဲ့ သူငယ်ချင်းတွေကလည်း ရှေ့မှာ ပြုံးပြပြီး ကွယ်ရာကျ ကျိတ်ပြိုင်နေကြတဲ့ သူတွေချည်းပဲ၊ အိမ်က ဝန်ထမ်းတွေဆိုလည်း အဘိုးလက်ထက်ကတည်းက အိမ်မှာ အလုပ်လုပ် လာတဲ့ ဦးမြကြီးတစ်ယောက်ပဲ အဆင်ပြေတယ်၊ မိန်းမတွေက အားအားရှိ သူများအတင်းလျှောက် ပြောနေကြတဲ့သူတွေ . . .၊ အဲဒါကြောင့် ငါက မိန်းကလေးချင်း သိပ်မပေါင်းဘဲ ယောကျ်ားလေး သူငယ်ချင်းပဲပေါင်းဖြစ်ခဲ့တာ''

''ငါလည်း ယောကျ်ားလေးသူငယ်ချင်း ကံမကောင်းဘူးမြရာ''

ရဲရင့်က ခပ်တည်တည်ပုံစံနှင့် ပြောလိုက်တာမို့ မြရာက မျက်ခုံးပင့်မိကာ. . .

''ဟုတ်လား . . . ဘာဖြစ်လို့လဲ''

''ယောကျ်ားလေးချင်း ပေါင်းရတော့ အာရုံမလန်းဘူးဟာ၊ မျက်စိပသာဒ

မဖြစ်ဘူးပေ့ါ၊ မသိမသာ အီစီကလီ လုပ်လို့လည်း မရဘူးပေ့ါဟာ၊ အဲ့ဒါကြောင့် ငါလည်း ယောကျ်ားချင်း ပေါင်းရ တာ စိတ်ပျက်လို့ မိန်းကလေးသူငယ်ချင်းပဲ ပေါင်းချင်တော့တာ၊ မိန်းကလေး သူငယ်ချင်းကျ တော့ အနည်းဆုံးတော့ အမှတ်တမဲ့လိုလို ဘာလိုလိုနဲ့ လက်လေးဘာလေး ဆွဲလိုက်လို့ရတာ ပေ့ါ''

''ရဲရင့် . . . တော်စမ်း၊ ငါက အကောင်းမှတ်လို့ နားထောင်နေတာ၊ ကဲ . . .''

''အား . . .''

မြရာက စားပွဲအောက်က ရဲရင့် ခြေသလုံးကို ဆတ်ခနဲ တစ်ချက်လှမ်းကန်လိုက်သည်။ ရဲရင့်က ရှုံ့မဲ့ညည်းတွားနေရင်းက . . .

''နင် တော်တော်ရက်စက်တယ်၊ တော်ပြီ . . .ပြောမပြတော့ဘူး၊ နင့်ကို တစ်နိုင်ငံလုံးက ဘောစိမခေါ်လည်း ငါ ပြန်မပြောတော့ဘူး''

''မပြောနေလေ၊ မှာထားတာတွေလည်း မစားနဲ့ပေ့ါ၊ င့ါဘာသာ အိမ်မှာစားဖို့ ပါဆယ် ယူသွားမယ်''

ရဲရင့်က မြရာကို မျက်စောင်းထိုးကြည့်ရင်း . . .

''ငါ တစ်နေ့က နင့်ရုံးကိုရောက်ခဲ့တ်၊ နင့်ရုံးနားက င့ါသူငယ်ချင်းတစ်ယောက်ဆိုင်ကို ကိစ္စရှိလို့လာတာ၊ အပြန် နင့်ရုံးကိုဝင်မလို့ နင် ရှိမရှိ နင့်ဖုန်းကိုဆက်ကြည့်တာ နင့်ဖုန်းက ဆက်သွယ်မှု ဧရိယာပြင်ပရောက်နေတာနဲ့ ထပ်မဆက်ဘဲ ဝင်ခဲ့လိုက်တာ . . .''

''အဲဒါကြောင့် နင်က င့ါအတွင်းရေးမှူးလေးကို မြင်ဖူးသွားတာကိုး၊ ငါက အဲဒီ နေ့က ဧည့်သည်တစ်ယောက်နဲ့ နေ့လယ်စာ ထွက်စားနေတာ . . .''

''နင့်အတွင်းရေးမှူးမလေးက ချောမှချော၊ ပြောမှပြောပဲ''

''ဘယ်လို . . .''

''ဟဲဟဲ. . . ငါ့စကားကို နင် ခု သဘောမပေါက်လည်း မကြာခင် သဘောပေါက်လာလိမ့် မယ်၊ ငါ နင့်ရုံးကိုရောက်တော့ နင့်ရဲ့ အောင်မြင်မှုကို မျက်ဝါးထင်ထင် မြင်ခဲ့ရတယ်''

မြရာက ဂုဏ်ယူသလို အပြုံးလေးပြုံးရင်းက ထိုင်နေသည့် ပုံစံလေးတောင် မတ်ကျော့ သွား ကာ . . .

''တွေ့တယ်မဟုတ်လား . . . မိန်းကလေးတစ်ယောက်တည်း အားလုံးကို ပိပြားနေအောင် အုပ်ချုပ်ထားနိုင်တာကို''

''အေး . . . တွေ့ပါတယ်ဟာ၊ တွေ့ပါတယ်၊ နင် ဒီလိုလုပ်ပါလားမြရာ၊ တစ်ရက်လောက် နင့်ကိုယ်နင် ရုပ်တွေ ဘာတွေဖျက်ပြီး နင့်ရုံးကလူတွေ နင့်ကွယ်ရာမှာ ဘယ်လို ပိပိပြားပြား စည်းကမ်းတကျ နေထိုင်ကြတယ်ဆိုတာ မျက်ဝါးထင်ထင် မြင်ရအောင် သွားပြန်ချောင်းပါလား၊ ဒါမှ နင့်အောင်မြင်မှုကို နင်ပြန်တွေ့ပြီး ပီတိလေး ဘာလေး ဖြစ်ရတာ ပေါ့ဟာ၊ ရှေးတုန်းက မြန်မာ ဘုရင်တွေလည်း ကိုယ့်တိုင်းသူပြည်သားက ကိုယ့်အပေါ် ဘယ်လိုသဘောထား တယ်ဆိုတာ သိရ အောင် ရုပ်ဖျက်ပြီး စုံစမ်းလေ့လာတော် မူကြတာပဲဟာ. . .''

''နင့်အကြံ မဆိုးဘူး၊ ငါ တစ်ရက်လောက်တော့ အဲ့ဒီလို လုပ်ကြည့်လိုက်မယ်''

''မနက်ဖြန်ပဲ လုပ်ကြည့်လိုက်ပါလား၊ စောစောသိတော့ စောစော ပီတိဖြစ်ရတာ ပေါ့''

''အေးလေ. . . လုပ်ကြည့်တာပေါ့''

မေမြရာက ရဲရင့် အချွန်နဲ့ မ နေတာကို မသိဘဲ ပေါ့ပေါ့ပါးပါးလေးပဲ ပြန်ပြောပါသည်။

ရဲရင့်ကတော့ တစ်နေ့က သူမြင်ခဲ့ရသော အရုပ်အသံတွေကို

မြရာမြင်တွေ့ကြားသိရ လျှင် ဘာတွေများဖြစ်ကုန်မလဲဟု စဉ်းစားနေမိပါသည်။

မြရာက စားပွဲထိုးလေး လာချပေးသွားသော အအေးဖန်ခွက်ကို ယူသောက်လိုက်ရင်း . . .

''ငါ့ကို ဘယ်သူတွေက ဘောစိမ ခေါ်တယ်ဆိုတာ ပြောပြဦးလေ''

''ငါ မပြောပြလည်း နင့်ဘာသာ သိလာမှာပါ၊ ရုပ်ဖျက်ပြီးတော့သာ နင့်ရုံးကို သွားကြည့် လိုက်ပါ''

''ဘာလဲ . . . ငါ့ရုံးကလူတွေက ငါ့ကို အဲဒီ လို ခေါ်တာလား''

''နင့်ဘာသာ သွားကြည့်လိုက်ပါဆိုဟာ. . .''

''အေးပါ. . .အေးပါ . . .''

မြရာက ရဲရင့်ကို ဘာမှ ဆက်မမေးတော့ဘဲ အရွက်စုံသုပ် ပန်းကန်ထဲက ဆလတ်ရွက်တွေ ကို တူနဲ့ညှပ်၍ စားလိုက်ပါသည်။

*